# ဆီးဂိမ်းအကြို ဟော်ကီပြိုင်ပွဲတွင် မြန်မာ၊ ထိုင်းနှစ်သင်းသာယှဉ်ပြိုင်မည်

သတင်းရင်းမြစ် > သောကြာ
ကြာသပတေးနေ့၊ အောက်တိုဘာလ ၂၄ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၃၈ မိနစ်

---

၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ဟော်ကီပြိုင်ပွဲကိုလာမည့် အောက်တိုဘာ ၂၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲ၌ အိမ်ရှင် မြန်မာ နှင့် ထိုင်းအသင်းနှစ်သင်းသာ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းမှ (က)၊ (ခ)နှစ်သင်းခွဲ ယှဉ်ပြိုင်မည်ဖြစ်ပြီး ထိုင်းအသင်း အပါအဝင် စုစု ပေါင်း အသင်းသုံးသင်း ပတ်လည်စနစ်ဖြင့် ကစားမည် ဖြစ်သည်။ ဆီးဂိမ်းအကြို ဟော်ကီပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ ၃၁ ရက်ထိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူ ဟော်ကီကွင်း၌ ကျင်းပမည်ဖြစ်ပြီး အမျိုးသား ပြိုင်ပွဲ တစ်ခုထည့်သွင်းကျင်းပမည် ဖြစ်သည်။ ဟော်ကီအဖွဲ့ချုပ်မှ ရုံးအဖွဲ့မှူး ဦးမင်းသူချစ်က “အမျိုးသမီးက လက်ရှိ အချိန်မှာ အဆင်သင့်မဖြစ်သေးလို့ အမျိုးသမီးပြိုင်ပွဲကို မထည့်သွင်းခဲ့တာပါ။ ပြိုင်ပွဲလုပ်ရတဲ့ အဓိကရည်ရွယ်ချက် က တကယ်ပြိုင်ပွဲ ကျင်းပတဲ့အခါ ဘာတွေလိုအပ်လာမလဲဆိုတာ သိရှိနိုင်အောင် ဆီးဂိမ်းအကြို ပြိုင်ပွဲကို ပြုလုပ် တာပါ။ အစက သီရိလင်္ကာနိုင်ငံက လာကစားဖို့ရှိပေမယ့် မကစားဖြစ်တော့ ပါဘူး။ အဲလိုပဲ မလေးရှား၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွေကလည်း ဒေသတွင်း ပြိုင်ပွဲတွေရှိလို့ လာမပြိုင်ဖြစ်ပါ ဘူး” ဟု ပြောကြားခဲ့သည်။

ဆီးဂိမ်းတွင် ဟော်ကီပြိုင်ပွဲများကို ဒီဇင်ဘာ ၁၃ ရက်မှ ၂၁ ရက်ထိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူ
ဟော်ကီကွင်း၌ ကလျင်းပမည် ဖြစ်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Mizzima - News in Burmese
.